**School counselling service**

Information for parents and carers

# ကျောင်းအတိုင်ပင်ခံ (စိတ်ပိုင်း ပံ့ပိုး နှစ်သိမ့် ဆွေးနွေး အကြံပေး) ဝန်ဆောင်မှု

## မိဘနှင့် အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များ

NSW အစိုးရကျောင်းအားလုံးတွင် ကျောင်းအတိုင်ပင်ခံ (စိတ်ပိုင်း ပံ့ပိုး နှစ်သိမ့် ဆွေးနွေး အကြံပေး) ဝန်ဆောင်မှု မှတစ်ဆင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ရရှိနိုင်ပါသည်။

ကျောင်းအတိုင်ပင်ခံ (စိတ်ပိုင်း ပံ့ပိုး နှစ်သိမ့် ဆွေးနွေး အကြံပေး) ဝန်ဆောင်မှု တွင်၊ မူကြိုမှ ၁၂ တန်းအထိ ကျောင်းသားများအတွက် နှစ်သိမ့် ဆွေးနွေးအကြံပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ကြားဝင် ညှိနှိုင်းခြင်း တို့ကို ဆောင်ရွက်ပေးသည့် ကျောင်း အတိုင်ပင်ခံများနှင့် ကျောင်းစိတ်ပညာရှင်များ ပါဝင်သည်။ ၎င်းတို့သည် ကျောင်းသားများ၏ ပညာသင်ယူမှု၊ စိတ်ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာ လိုအပ်ချက်များနှင့်ပတ်သက်၍ ပံ့ပိုးကူညီရန်နှင့် ဘေးကင်းလုံခြုံ၍ ကျန်းမာပြီး အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးရန် မိသားစုများ၊ ကျောင်းဝန်ထမ်းများ၊ အခြားသော ကျွမ်းကျင်ပညာရှင်များနှင့်အတူ လက်တွဲဆောင်ရွက်ကြပါသည်။

ကျောင်းရှိ အတိုင်ပင်ခံဝန်ထမ်းများအားလုံးသည် စိတ်ပညာတွင် ဘွဲ့လွန်ပညာအရည်အချင်း ရှိသူများဖြစ်ကြပြီး ကလေးများနှင့် လူငယ်များအား ပညာရေး၊ လူမှုရေး၊ အမူအကျင့်နှင့် စိတ်ပိုင်းဆိုင်ရာတို့တွင် အောင်မြင်မှုရရှိစေရန် ၎င်းတို့၏ စိတ်ကျန်းမာရေး၊ ပညာသင်ယူမှုနှင့် အမူအကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများကို အသုံးချလျက်ရှိသည်။

ကျောင်းအတိုင်ပင်ခံ သို့မဟုတ် ကျောင်းစိတ်ပညာရှင်သည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

- ကျောင်းသားများကို နှစ်သိမ့်ဆွေးနွေး အကြံဉာဏ်ပေးခြင်း၊
- ကျောင်းသားများ၏ ပညာသင်ယူမှုနှင့် စိတ်ကျန်းမာရေး လိုအပ်ချက်များကို အကဲဖြတ်ခြင်း၊
- ဆရာများ၊ အထူးကျွမ်းကျင်ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- ကလေးများ၏ ပညာသင်ယူမှုနှင့် စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို မိသားစုများက နားလည်သဘောပေါက်ရန်နှင့် ကိုင်တွယ်ဆောင်ရွက်နိုင်ရန် အကူအညီပေးခြင်း၊
- ကျောင်းသားတစ်ဦးချင်းစီအတွက် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ပံ့ပိုးပေးရန် ပြင်ပအေဂျင်စီများ၊ စိတ်ကျန်းမာရေးပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

ကျောင်းအတိုင်ပင်ခံဝန်ထမ်းများအနေဖြင့် ကျောင်းသားများ၊ မိဘ/အုပ်ထိန်းသူများ၊ ဆရာ/ဆရာမများနှင့် လုပ်ငန်းဆောင်ရွက်သည့်အခါ မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုပုံစံအကြောင်း ရှင်းပြခြင်း၊ ၎င်းတို့၏ ပြောဆိုချက်များကို ဂရုစိုက် နားထောင်ခြင်း၊ ရွေးချယ်စရာများကို ရှင်းရှင်းလင်းလင်း သိရှိစေရန် ကူညီခြင်းနှင့် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချနိုင်ရန် အားပေးကူညီခြင်းတို့ ဆောင်ရွက်ပေးမည် ဖြစ်သည်။

## လျှို့ဝှက်ထားခြင်း

ကျောင်းအတိုင်ပင်ခံဝန်ထမ်းများသည် ကျောင်းသားများအတွက် ၎င်းတို့၏ဆန္ဒအလျောက် ယုံကြည်စိတ်ချရသော စိတ်ပိုင်းဆိုင်ရာ အကူအညီများ ပေးနေခြင်း ဖြစ်သည်။ ဥပဒေအရ လိုအပ်ခြင်း မရှိလျှင်ဖြစ်စေ၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် ကောင်းကျိုးချမ်းသာကို ဆိုးဆိုးရွားရွား ထိခိုက်စေမည့် အန္တရာယ်မှ ကာကွယ်ပေးရန် လိုအပ်ခြင်း မရှိလျှင်ဖြစ်စေ လျှို့ဝှက်အချက်အလက်များကို ကျောင်းသား သို့မဟုတ် မိဘ/အုပ်ထိန်းသူ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူများသို့ မျှဝေအသိပေးသွားမည် မဟုတ်ပါ။

## ရက်ချိန်းရယူခြင်း

ကျောင်း၏နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းဆိုင်ရာ ဦးစားပေးအချက်များကို ကျောင်းပညာရေးနှင့် သာယာဝပြောရေးအဖွဲ့များက တိုင်ပင်ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ မိဘ/အုပ်ထိန်းသူများအနေဖြင့် ၎င်းတို့ ကလေး၏ ပညာသင်ယူမှု၊ စိတ်ကျန်းမာရေး နှင့်/သို့မဟုတ် ကောင်းကျိုးချမ်းသာနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများရှိပါက ကျောင်းသို့ ဆက်သွယ်ပြီး ရက်ချိန်းတောင်းခံနိုင်ပါသည်။ ကျောင်းသားများအနေဖြင့် မိမိကိုယ်တိုင်ဖြစ်စေ၊ မိဘ သို့မဟုတ် သင်ကြားရေးဝန်ထမ်းများထံမှ အကူအညီတောင်းခံ၍ဖြစ်စေ ရက်ချိန်းရယူနိုင်သည်။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ထပ်မံ သိရှိလိုပါက သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။ ဤသို့ ဆက်သွယ်စုံစမ်းရာတွင် စကားပြန် အကူအညီလိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။

သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို အော်ပရေတာအား ပြောပြပါ။ သင်စကားပြောဆိုရာတွင် ကူညီရန် အော်ပရေတာက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည်မဟုတ်ပါ။